ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၄)

၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော နည်းဥပဒေများနှင့်အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၅-၆ |
| ၃။ | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။ | ၇-၉ |
| ၄။ | အိန္ဒိယတရားလွှတ်တော်ချုပ်က ပုဂ္ဂလိကပစ္စည်းများ နိုင်ငံ(ပြည်နယ်)ပိုင် သိမ်းယူခြင်းအတွက် လိုအပ်ချက်များကို မူဘောင်ချမှတ်ခြင်း။ | ၁၀-၁၁ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်သည့် ကရင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် နိုင်ငံခြားရေးရာမူဝါဒကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ စီးပွားရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာနှင့် စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန်ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကရင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများကို ၂၈-၉-၂၀၂၃ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ကရင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေများခြေဆင်းကို “ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကရင်ပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(က) အရ အပ်နှင်း ထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်” ဟုအစားထိုး ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဤနည်းဥပဒေများ၊ နည်းဥပဒေ ၆ တွင် “ပြည်နယ်စိစစ်ရွေးချယ်ရေးအဖွဲ့သည် ခရိုင်စိစစ်ရွေးချယ်ရေးအဖွဲ့မှ တင်ပြချက်များကိုစိစစ်၍ အကဲဖြတ်ချက်များအား စိစစ်ရေးကော်မတီသို့ သတ်မှတ်ရက်အမီတင်ပြရမည်။ယင်းသို့တင်ပြရာတွင်ထူးချွန်ဆုတစ်ခုချင်းစီအတွက် ဆုချီးမြှင့်ထိုက်သူများကို တင်ပြရန်ဖြစ်သည်။ သို့ရာတွင် ကျန်ရှိသောအကဲဖြတ်ချက်များအပေါ် သဘောထားမှတ်ချက်များဖြင့် တင်ပြနိုင်သည်။”ဟုလည်းကောင်း၊နည်းဥပဒေများ၊ နည်းဥပဒေ ၁၂ တွင် ပြည်နယ်စိစစ်ရေးအဖွဲ့ကစိစစ်ရာတွင် ထူးချွန်ဆုတစ်ခုချင်းစီအတွက် ဆုချီးမြှင့်ထိုက်သူများကို ဦးစားပေးအစီအစဉ်အလိုက်စိစစ်ရေးကော်မတီသို့ နှစ်စဉ် ဩဂုတ်လ ၂၅ ရက်နေ့နောက်ဆုံးထား၍ ထောက်ခံတင်ပြရမည်”ဟုလည်းကောင်း၊ နည်းဥပဒေ ၁၃ တွင် “စိစစ်ရေးကော်မတီသည် ပြည်နယ်စိစစ်ရေးအဖွဲ့မှတင်ပြလာသည့် ဆုချီးမြှင့်ထိုက်သူများအပေါ် ဥပဒေပုဒ်မ ၇ ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီစိစစ်ပြီး ထူးချွန်ဆုချီးမြှင့်ထိုက်သူများအား အဆင့်အလိုက် ရွေးချယ်သတ်မှတ်၍ ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ကို ရယူရန်ဖြစ်ပါသည်။”ဟုလည်းကောင်း အစားထိုးပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။

သတ်မှတ်ထူးချွန်ဆုအလိုက် ချီးမြှင့်မည့်ဂုဏ်ထူးဆောင်လက်မှတ်များမှာ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ စီးပွားရေးဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ စက်မှုနှင့်နည်းပညာဆိုင်ရာ ထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု ဂုဏ်ထူးဆောင်လက်မှတ်၊ ပညာရေးဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ သုတေသနဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ ကျန်းမာရေးဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ဂုဏ်ထူးဆောင်လက်မှတ်၊ အမျိုးဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆုဂုဏ်ထူးဆောင်လက်မှတ်တို့ဖြစ်ပြီး ၎င်းတို့ကို ပထမ၊ ဒုတိယ၊ တတိယအဆင့်များဖြင့် သတ်မှတ်ထားကြောင်းကို နည်းဥပဒေများ ၁၇ တွင် အစားထိုးပြဋ္ဌာန်းခဲ့သည်ကိုတွေ့ရှိရပါသည်။

ကရင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များ နှင့် ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၈ ၌ "သတ်မှတ်ထူးချွန်ဆုအလိုက်ချီးမြှင့်မည့် ဂုဏ်ထူးဆောင် လက်မှတ်များသည် နောက်ဆက်တွဲ (၃) မှ(၃-၂၉)ပါအတိုင်းဖြစ်ပြီး ရွှေရောင်ဖြင့်ရိုက်နှိပ်ထားသည်" ဟုလည်းကောင်း၊ နည်းဥပဒေ ၁၉ ၌ သတ်မှတ်ထူးချွန်ဆုအလိုက်ချီးမြှင့်မည့်ဆုတံဆိပ်ပုံစံများနှင့် ဆုတံဆိပ်ဆိုင်ရာသတ်မှတ်ချက်၊ အဓိပ္ပာယ်ရှင်းလင်းချက်များမှာ နောက်ဆက်တွဲ (ပ)မှ(ပ-၉)ပါ အတိုင်း ဖြစ်သည်"ဟုလည်းကောင်း အစားထိုးပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကရင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာနည်းဥပဒေများအား သိရှိလေ့လာလိုသူများအနေဖြင့် MLIS Website တွင်ဝင်ရောက်လေ့လာ ဖတ်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဓ)နှင့် ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာအား ၃၁-၅-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ Ethylene Oxide အား ပိုးသတ်ဆေးအဖြစ် အသုံးပြုခြင်းမဟုတ်ဘဲ ပိုးသတ်သန့်စင်ခြင်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များနှင့်အညီ အသုံးပြုနိုင်ရေးနှင့် အခြားထုတ်ကုန်လုပ်ငန်းဖြစ်သော တစ်ခါသုံးခွဲစိတ်ခန်းသုံးဝတ်စုံများနှင့် ကျန်းမာရေးသုံးဆက်စပ်ပစ္စည်းများထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့်ဓာတုကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ရေးတို့အတွက် ယင်း Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ်သတ်မှတ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Ethylene Oxide ကို အသုံးပြု၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သည့်လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်ရရှိသူများသည်တည်ဆဲဥပဒေနှင့်တစ်ဆင့်ခံဥပဒေများကို လိုက်နာရမည့်အပြင် ယင်း Ethylene Oxide ကို ကိုင်တွယ်အသုံးပြုမည့်သူများသည် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းအား ကြိုတင်တက်ရောက်ထားရမည်ဖြစ်ခြင်း၊ ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့်တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံးညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labelling of Chemicals)၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အန္တရာယ်အသိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့်ဖော်ပြခြင်းနှင့် လုပ်ငန်းအသုံးပြုရာမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုလုပ်သည့်လုပ်ငန်းများ

သို့မဟုတ် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများသို့ပေးပို့စေပြီး Proper Disposal နည်းလမ်းဖြင့်စွန့်ပစ်ခြင်းတို့ကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၄) ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်

## အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇(က) အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ပါသည်။

လယ်ယာမြေဥပဒေပုဒ်မ ၃(စ) တွင် "လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကို ဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊သတ္တု၊ရေနံနှင့်ဓါတ်ငွေ့စသည့် သဘာဝသယံဇာတများထုတ်ယူခွင့်မပါဝင်"ဟု ပြဋ္ဌာန်းထားပါသည်။

လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လယ်ယာမြေဥပဒေ၊နည်းဥပဒေများနှင့်အညီလျှောက်ထား၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသည့်အခါ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါစည်းကမ်းချက်များကို လိုက်နာရန်တာဝန်ရှိကြောင်းနှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေဥပဒေ ပုဒ်မ ၉(ဃ) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသော စည်းကမ်းဖောက်ဖျက်မှုရှိပါက ဖောက်ဖျက်မှုအပေါ်မူတည်၍ စီမံခန့်ခွဲရေးပြစ်ဒဏ်၊ တရားစီရင်ရေးပြစ်ဒဏ်များ ချမှတ်နိုင်ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၁၇(ဃ) တွင် အကျုံးဝင်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းနိုင်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၂၄) ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတစ်ဦးက အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဖြင့် ရာဇဝတ်ကြောင်းအရ အရေးယူရာတွင် ၎င်းလုပ်ပိုင်ခွင့်ရသော လယ်ယာမြေကို မည်သို့အရေးယူနိုင်ကြောင်း လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း မပြုနိုင်ကြောင်း ကန့်သတ်သည့်ပြဋ္ဌာန်းချက်လည်းမရှိကြောင်း တွေ့ရှိရပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉ တွင် "တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်"ဟုလည်းကောင်း၊ ပုဒ်မ ၅၆ တွင် "တရားရုံးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ်သိမ်းယူထားသော ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတစ်ဦးအား အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဖြင့် ပြစ်ဒဏ်ချမှတ်ပြီး သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းတင်ပြသော ၎င်းပိုင်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်ချမှတ်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ရရှိထားသော လယ်မြေ၊ယာမြေများလည်း ပါဝင်နေကြောင်း၊ လယ်ယာမြေကို သိမ်းဆည်းခြင်းမှာ လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းကြောင့်မဟုတ်ဘဲ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူပိုင်ဆိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြစ်ပါသည်။

သက်သေခံပစ္စည်းအဖြစ်တင်ပြထားသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းသည် ဥပဒေ၏ရည်ရွယ်ချက်နှင့်လည်း ညီညွတ်မှုရှိသည့်အပြင် ပြစ်မှုကျူးလွန်ခြင်းကို ဟန့်တားမှုဖြစ်စေပါသည်။ နိုင်ငံတော်ပိုင်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည်ကို "ဦးချစ်အေးနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်စီရင်ထုံး(၂၀၀၈ခုနှစ်၊မ.တ.စ၊စာ-၁၁)"တွင် သာဓကအဖြစ်တွေ့မြင်နိုင်ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ၏လယ်ယာမြေများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းသည် နိုင်ငံတော်ကပြန်လည်သိမ်းယူသကဲ့သို့ အကျိုးသက်ရောက်စေကာ ပြန်လည်အသုံးပြုနိုင်သည်ဖြစ်၍ နိုင်ငံတော်ကပိုင်ဆိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်သာ ခွင့်ပြုထားသော လယ်ယာမြေများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း ဆုံးဖြတ်ထားသည်ကို သိရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် - ၂၀၂၄ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂

## အိန္ဒိယတရားလွှတ်တော်ချုပ်က ပုဂ္ဂလိကပစ္စည်းများ နိုင်ငံ(ပြည်နယ်)ပိုင် သိမ်းယူခြင်းအတွက် လိုအပ်ချက်များကို မူဘောင်ချမှတ်ခြင်း

အိန္ဒိယတရားလွှတ်တော်ချုပ်သည် ပုဂ္ဂလိကပစ္စည်းများကို ပြည်နယ်က သိမ်းယူရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးအလို့ငှာ သိမ်းယူရန်ဖော်ပြထားသော အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀(က) ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စေရေးအတွက် ၂၀၂၄ ခုနှစ် မေလက ဆုံးဖြတ်ချက်(မူဘောင်) ချမှတ်လိုက်သည်။

ပုဂ္ဂိုလ်တစ်ဦး၏ပစ္စည်းအပေါ် ခံစားခွင့်အား လက်လွတ်ဆုံးရှုံးစေခြင်းကို ဥပဒေနှင့်အညီသာ ဆောင်ရွက်သင့်ကြောင်း၊ သိမ်းယူရာတွင် ပုဒ်မ ၃၀၀(က) တွင်ပြဋ္ဌာန်းထားသည့် တရားဝင်နည်းလမ်းနှင့်ညီညွတ်စေရေးအတွက် ပြည်နယ်က မဖြစ်မနေလိုက်နာဆောင်ရွက်ရေးသည် အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ သိမ်းယူသည့်လုပ်ငန်းစဉ်တွင် မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ တရားသဖြင့် ဆောင်ရွက်မှုနှင့်အာဏာအလွဲသုံးစားမပြုလုပ်မှုတို့သည် ပစ္စည်းပိုင်ဆိုင်ခွင့်အပေါ် နည်းလမ်းတကျ ကာကွယ်ပေးမှု(procedural safeguard)အား ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင်စေသည့် အရေးပါသောအချက်များဖြစ်ကြောင်း နှစ်ပါးထိုင်ခုံရုံးက ထုံးဖွဲ့စီရင်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်အစောပိုင်းတွင် ဘီရင်ချီဘီဟာရီဆာ ပိုင်ဆိုင်သောမြေအား ကိုလ်ကတ္တားစည်ပင်သာယာရေးအဖွဲ့က အတင်းအကြပ်ဝင်ရောက်သိမ်းဆည်းခဲ့မှုနှင့်စပ်လျဉ်း၍ ကိုလ်ကတ္တားတရားရုံးက လျှောက်ထားသူဘီဟာရီဆာအား အနိုင်ပေးခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့၏ ပိုင်နက်ကျူးလွန်မှုကို စစ်ဆေးရန်နှင့် ယင်းမြေပေါ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ထပ်မံလုပ်ဆောင်ခြင်းမပြုလုပ်ရန် တားမြစ်သည့်အမိန့်များ ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အပေါ် စည်ပင်သာယာရေးကော်မတီက ၂၀၂၁ ခုနှစ်တွင် အယူခံဝင်ခဲ့ရာ၌ တရားလွှတ်တော်ချုပ်က ကိုလ်ကတ္တားတရားရုံး၏ အမိန့်အား အတည်ပြုခဲ့ပြီး တရားဝင်သည့်သိမ်းယူမှုဖြစ်ပေါ်စေရေးအတွက် ပုဒ်မ ၃၀၀(က) အရ မြေပိုင်ရှင်အား အပ်နှင်းထားသည့်အခြေခံအခွင့်အရေး ၇ ချက်ကို သိမ်းယူသူက လိုက်နာရမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါသိမ်းယူသူ(ပြည်နယ်)က လိုက်နာရမည့်အချက်များမှာ -

(က) မြေပိုင်ရှင်အား ၎င်းပိုင်ပစ္စည်းကိုသိမ်းယူမည်ဖြစ်ကြောင်း အကြောင်းကြားရန် တာဝန် (a right to notice)

(ခ) ကန့်ကွက်မှုများရှိလျှင် ပြန်လည်စဉ်းစားသုံးသပ်ရန် တာဝန် (the right to hear)

(ဂ) သိမ်းယူရန် ဆုံးဖြတ်ချက်သည် ကျိုးကြောင်းဆီလျော်သည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း အကြောင်းကြားရန်တာဝန် (the right to a reasoned decision)

(ဃ) သိမ်းယူခြင်းသည် အများပြည်သူအကျိုးအလို့ငှာသာဖြစ်ကြောင်း သက်သေထင်ရှား ပြသရန်တာဝန် (for public purposes)

(င) မူလအခြေအနေမပျက်စေရန်နှင့် ပြန်လည်ထူထောင်ပေးရန်တာဝန် (the right to fair compensation)

(စ) သိမ်းယူသည့်လုပ်ငန်းစဉ်ကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန် နှင့် (the right to efficient conduct)

(ဆ) သိမ်းယူခြင်းတရားဝင်မှုကို ဦးတည်သည့်အပြီးသတ်ရလဒ်ရရှိစေရန် (the right of conclusion) တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နစ်ပါးထိုင်ရုံးက အမှုအားစီရင်ဆုံးဖြတ်ရာတွင် စည်ပင်သာယာရေးကော်မတီက အများပြည်သူအတွက်ပန်းခြံတည်ဆောက်ရန် ပုဂ္ဂလိကပိုင်မြေကိုသိမ်းယူခြင်းသည်မြေကိုရယူရန်စည်ပင်သာယာရေးကော်မတီအား ဥပဒေအရ အခွင့်အာဏာပေးထားခြင်းမရှိသဖြင့် တရားမဝင်သိမ်းယူခြင်းအဖြစ်သာ မှတ်ယူရမည်ဖြစ်ကြောင်း တညီတညွတ်တည်း(verdict)ဆုံးဖြတ်ခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် https://www.jurist.org/news/2024/05/india-supreme-court-outlines-requirements-for-state-acquisition-of-private-property/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

